သတင်းထုတ်ပြန်ချက်။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ မတိုင်မီ ထုတ်ဖော်ခြင်း မပြုလုပ်ပါရန်။

# မြန်မာနိုင်ငံရောဝတီမြစ်ပေါ် တရုတ်နိုင်ငံက ရေကာတာများဆောက်လုပ်မှုကို ပြည်သူလူထုက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်း

စစ်အာဏာရှင်အုပ်စိုးသော မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံက ရေကာတာဆောက်လုပ်မှုများနှင့်ပတ်သက်၍ လူသိရှင်ကြား ဆန့်ကျင်ကန့်ကွက်မှုများသည် ကချင်ပြည်နယ်မြောက်ဖက်ပိုင်းအတွင်း ရေကာတာတည်ဆောက်ရေးစီမံကိန်းများနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းများစတင်ခဲ့သည့် လွန်ခဲ့သော ရက်သတ္တပတ်၌ စတင်ဖြစ်ပေါ်လာခဲ့သည်။ ဒေသခံပြည်သူများက စစ်ဘက်ဆိုင်ရာ အရာရှိကြီးများနှင့် တိုက်ရိုက် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခြင်း နှင့် လူထုဆုတောင်းပွဲများ ကျင်းပနေသကဲ့သို့ လူထုအခြေပြုလုပ်ငန်းကွန်ယက်တခုကလည်း တရုတ်ပြည်မှ ရေကာတာတည်ဆောက်သူ များထံသို့ စာရေးသားထားပြီးဖြစ်သည်။

လွန်ခဲ့သော အောက်တိုဘာလ ၉ ရက်နေ့က ရောဝတီမြစ်၏ စမြစ်ဖျားခံသည့် မြစ်နှစ်သွယ်ဆုံသည့်နေရာဖြစ်ပြီး မြစ်ဆုံရေကာတာ တည်ဆောက်မည့်လုပ်ကွက်နေရာတွင် နေထိုင်သည့် တန်ဖဲ (Tanghpre) ကျေးရွာသားများသည် ရေကာတာတည်ဆောက်ခြင်းအား ကန့်ကွက်ထားသော အိတ်ဖွင့်ပေးစာတစောင်ကို မြန်မာစစ်တပ် မြောက်ပိုင်းတိုင်း တိုင်းမှူးထံသို့ ပေးပို့ခဲ့သည်။

၎င်းရေကာတာသည် မြစ်ဆုံနေရာကို ရေဖုံးလွှမ်းသွားမည်ဖြစ်ပြီး ပြည်သူလူထု ၁၅၀၀၀ ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေလိမ့်မည်ဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လက စစ်တပ်အာဏာပိုင်များမှ ဒေသခံပြည်သူများအား အချိန်အားဖြင့် နှစ်လပင် မရှိတော့ သည့် ကာလ အတွင်း ၎င်းရေကာတာဆောက်လုပ်မည့် နေရာမှ ပြောင်းရန် အမိန့်ပေးခဲ့သည်။

“*ကျမတို့ ပြောင်းရမဲ့နေရာကို ကျမတို့ရဲ့ စိုက်ပျိုးမြေတွေကို သယ်သွားလို့ မရပါဘူး။*” ဟု အောက်တိုဘာလ ၁၀ ရက်နေ့က ပြုလုပ်သော တိုင်းမှူးနှင့်အစည်းအဝေးတွင် တန်ဖဲ ကျေးရွာအိမ်ရှင်မများအုပ်စု ကိုယ်စား အိမ်ရှင်မတဦးက ပြောခဲ့သည်။ “*ကျမတို့ ဘယ်နေရာကိုမှ မပြောင်းချင်ပါဘူး။ ကျမတို့ရဲ့ စိုးရိမ်ချက်တွေကို နေပြည်တော်က စဉ်းစားပေးဖို့အတွက် ဗိုလ်ချုပ်ကြီးက ဆက်လက်သတင်း သယ်ဆောင်သွားပေးပါဖို့ အထူးမေတ္တာရပ်ခံအပ်ပါတယ်။*”

ထို့နေ့ရက် တရက်တည်းမှာပင် ဒေသခံပြည်သူ သုံးရာခန့်သည် မြစ်ဆုံတွင် မြစ်များကို ကာကွယ်စောင့်ရှောက်ပေးရန် အတွက် လူထုဆုတောင်းပွဲတခု ကျင်းပခဲ့သည်။ သမိုင်းဝင်ဘုရားရှိခိုးကျောင်းများစွာသည် မြစ်ဆုံရေကာတာကြောင့် ရေအောက်သို့ နစ်မြုပ်သွားလိမ့်မည်ဖြစ်သည့်အပြင်၊ ကမ္ဘာ့အကြွယ်ဆုံး ဇီဝဖြစ်စဉ်တည်ရှိမှုများအနက် တနေရာဖြစ်သည့် သစ်တောများလည်း ရေဖုံးလွှမ်းတော့သွားမည်ဖြစ်သည်။

ရေကာတာဖြစ်ပေါ်တိုးတက်မှုအခြေအနေကို စောင့်ကြည့်နေသော ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့သည် တရုတ်နိုင်ငံ စွမ်းအင်ရင်းနှီးမြုပ်နှံမှုကော်ပိုရေးရှင်းထံသို့အိတ်ဖွင့်ပေးစာတစောင်ကို ယနေ့ ပေးပို့လိုက်သည်။ ထိုစာက “ *တရုတ်ကော်ပိုရေးရှင်း အနေဖြင့် ယခုစီမံကိန်းနှင့် ဆက်နွယ်နေသည့် ဆိုးဝါးလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံတွင် လက်လျှို ပါဝင်ခြင်းကို ရှောင်ရှား နိုင်ရေးအတွက်*” မြစ်ဆုံရေကာတာနှင့် ကချင်ပြည်နယ်အတွင်း အခြား ရေကာတာများ တည်ဆောက်ခြင်းကို ချက်ချင်းရပ်တန့်ပေးပါရန် တောင်းဆို ထားသည်။

တရုတ်နိုင်ငံစွမ်းအင်ရင်းနှီးမြုပ်နှံမှုကော်ပိုရေးရှင်းသည် ရောဝတီမြစ်နှင့် ၎င်း၏ မြစ်လက်တက်နှစ်ခုပေါ်တွင် ရေကာတာ (၇) ခု တည်ဆောက်ရန် ပြင်ဆင်နေရာ မေခမြစ်ပေါ်တွင် မဂ္ဂါဝပ် ၂၀၀၀ အားထုတ်လုပ်နိုင်သော ချီဖွေရေကာတာကို စတင်ဆောက်လုပ် နေပြီဖြစ်သည်။ ရေကာတာမှ ထွက်ရှိလာမည့် လျှပ်စစ်ဓါတ်အားအများစုကို တရုတ်နိုင်ငံသို့ တင်သွင်းမည်ဖြစ်သည်။

ရေကာတာလုပ်ကွက်နှစ်ခု၏ နောက်ဆုံးဖြစ်ပေါ်မှုအခြေအနေအသေးစိတ်နှင့် လတ်တလောလူထုဆန့်ကျင်ကန့်ကွက်မှု နောက်ဆုံးအသေးစိတ် အခြေအနေများကို ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့က ယနေ့ ထုတ်ပြန်လိုက်သော **ရေဖုံးလွှမ်းမှုကို ခုခံတွန်းလှန်ခြင်း** အစီရင်ခံစာတွင် ရရှိနိုင်ပါသည်။ ၎င်းအစီရင်ခံစာကို www.burmariversnetwork.org တွင် ဖတ်ရှုနိုင်ပါသည်။ မှတ်တမ်းတင်ရုပ်ရှင်ကိုလည်း ကြည့်ရှုရယူနိုင်ပါသည်။

သတင်းအချက်အလက် ပိုမိုသိရှိလိုပါက– **အား နန်** + ၆၆ ၈၄ ၈၈၅ ၄၁၅၄ နှင့် kdngchn@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။